မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
January 21 , 2026 Volume 98, Number 14

၂၁. ၁. .၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၆၀.၅၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၆.၀၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၂.၆၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၈.၁၃ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၁.၅၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၉၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၈၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၇.၈၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၇.၄၅ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## မျှစ်အစိုဝယ်ယူရန် ရှရှားကမ်းလှမ်း



မျှင်မျှစ်ပြုတ် အပါအဝင် မျှစ်အစို ၃ မျိုး ဝယ်ယူဖို့ ရုရှားလုပ်ငန်းရှင်တစ်ဦးက ကမ်းလှမ်းထားကြောင်း မျှစ်နှင့် ဝါးစိုက်ပျိုးထုတ်လုပ်သူများအသင်းကနေ သိရပါတယ်။

မျှစ်အစိုကို အနံ့အသက်ကင်းပါက ဥရောပနိုင်ငံတွေအထိ ဈေးကွက်ဖြန့်ပေးမယ်ဆိုပြီး ကမ်းလှမ်းလာတာကြောင့် စမ်းသပ်မှုတွေ ပြုလုပ်နေတယ်လို့ အသင်းတာဝန်ရှိသူက ပြောပါတယ်။

“ဗမာအခေါ်အရဆို တစ်ရေပြုပ်ပေါ့။ အဆင်ပြေတယ်ဆိုရင် ဈေးကွက်အသစ်ရှာဖို့ လုပ်နေပါတယ်”လို့ ဆိုပါတယ်။

ယခုနှစ်အတွက် ဂျပန်နိုင်ငံကနေ မျှစ်ခြောက်တန်ချိန် ၂၀၀ အထိ အမှာရှိနေပြီး ကုန်ကြမ်းမလုံလောက်မှုကြောင့် ဝယ်လိုအားရဲ့ ၁၀ ရာခိုင်နှုန်းကိုပဲ တင်ပို့နိုင်ပါသေးတယ်။

ဂျပန်အမှာအတွက်ပထမအသုတ်အဖြစ် မျှစ်ခြောက် ၅ တန်ကို လာမဲ့ ဖေဖော်ဝါရီ လမှာ စတင်တင်ပို့သွားမှာဖြစ်ပြီးလက်ကျန်တန်ချိန် ၁၅ တန်ကိုတစ်ဆက်တည်း တင်ပို့သွားမယ်လို့ သိရပါတယ်။

“ကုန်ကြမ်းကောင်းကောင်းမရလို့ ၅ တန်ကို အရင်ပို့ပေးမှာ။ ဂျပန်ဘက်က QC (Quality Control) စစ်ပြီး အဆင်ပြေရင် တစ်ဆက်တည်းထပ်ပို့မှာ”လို့ အသင်းတာဝန်ရှိသူက ပြောထားပါတယ်။

မျှစ်ခြောက်ပြုလုပ်ဖို့အတွက် မျှစ်အစိုကို နှစ်စဉ် ဇူလိုင်လမှ စက်တင်ဘာလအထိ စုဆောင်းပြီး နိုဝင်ဘာလမှ မတ်လကုန်အထိ အခြောက်ခံကာ ပြည်ပကို တင်ပို့ရောင်းချနေတာပါ။

လက်ရှိမှာ သဘာဝသစ်တောကိုသာ မှီခိုပြီး မျှစ်ချိုးခြင်း၊ စိုက်ခင်းတည်ထောင်မှုနည်းခြင်း၊ နယ်မြေအေးချမ်းမှုမရှိတဲ့ ဒေသတွေမှာ မျှစ်မချိုးနိုင်ခြင်း စတဲ့ အခက်အခဲတွေကြောင့် ကုန်ကြမ်းရရှိမှုနည်းလာပါတယ်။

ဒါ့ကြောင့် မျှစ်ခြောက်ထုတ်လုပ်မှုလျော့ကျပြီး ပြည်ပဈေးကွက်ဝယ်လိုအား အမှာစာကိုပြည့်မီအောင် တင်ပို့နိုင်ခြင်းမရှိဘဲ လိုအပ်ချက်ရှိနေပါတယ်။

**Source : BETV Business**

## ပေါ်ဦးပေါ်ဖျား မရန်းသီးနှများ ဈေးကောင်းရနေ




နေပြည်တော်ဈေးများတွင် ပေါ်ဦးပေါ်ဖျားမရန်းသီးနှများရောင်းချလျက်ရှိပြီး ဈေးကောင်းရနေကြောင်း ဈေးသည်အချို့ထံက သိရပါတယ်။

"မရန်းသီးနှ ပေါ်ဦးပေါ်ဖျားအချိန် ဈေးကောင်းရတော့ မရန်းပင်ရှိတဲ့သူတွေကအသီးအကြီးမခံဘဲခူးရောင်းကြတယ်။အခုဈေးထဲမှာ တစ်ပိဿာကို ၆၀,၀၀၀- ၇၀,၀၀၀ ရောင်းတယ်။ ပေါ်ဦးပေါ်ဖျားဆိုရင် စားတဲ့သူများတော့အရောင်းလည်းသွက်တယ်။ နောက်ပိုင်း အသီးကြီးလာရင် ဈေးလည်းကျသလို၊ အသီးကြီးတော့ချဉ်လာရင် လူတွေ သိပ်မစားကြတော့ဘူး။ အခုလို အသီးနုချိန် ဈေးကောင်းရချိန်မှာ ခူးဆွတ်ရောင်းကြတာများတယ်"လို့ ဈေးသည်တစ်ဦးက ပြောပါတယ်။

နေပြည်တော်မြို့နယ်များတွင် မရန်းခြံများရှိပြီး ယခုအချိန်အသီးနုချိန် ဈေးကောင်းရသဖြင့် ဆွတ်ရောင်းကြသလိုအရပ်ထဲရှိမရန်းပင်ရှိသည့်အိမ်များအားလိုက်လံဝယ်ယူသူများလည်းရှိပြီး အပင်အနေအထားအသီး အနေအထားပေါ်မူတည်၍ ပင်ပြတ်ဈေးဖြတ်ဝယ်ယူကာဆွတ်ခူးပြီး ပွဲရုံများထံရောင်းချသူများလည်းရှိကြောင်း သိရပါတယ်။

"အခုချိန် မရန်းသီးနုဈေးကွက်ရှိတော့ကျွန်တော်တို့က ရပ်ကွက်၊ကျေးရွာတွေမှာရှိတဲ့ မရန်းပင်တွေလိုက်ကြည့်တယ်။ အသီးအနေအထားပေါ်မူတည်ပြီး ပင်ပြတ်ဈေးဖြတ်ဝယ်ပြီး ပွဲရုံတွေမှာ ပိဿာဈေးနဲ့ပြန်ရောင်းကြတာပါ"လို့ ရပ်ကွက်များအတွင်း မရန်းသီးနုလိုက်ဝယ်ယူသူတစ်ဦးက ပြောပါတယ်။

မရန်းသီးနုကောက်သည့် ပွဲရုံများမှတစ်ဆင့် လက်လီရောင်းချသူများက ဝယ်ယူရောင်းချကြသလို၊ နေပြည်တော်မှတစ်ဆင့် မိတ္ထီလာ၊ မန္တလေး၊ ရန်ကုန်နှင့်ရှမ်းပြည်နယ်ဘက်သို့ ဈေးကွက်ဖြန့်ရောင်းချသူများလည်းရှိကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၂-၁-၂၀၂၆ မှ ၁၆-၁-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်)ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2025 Crop) ကျပ် ၂,၇၂၀,၀၀၀၊ မတ်ပဲ SQ/ RC (2025 Crop) ကျပ် ၃,၀၄၈,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၂,၇၆၇,၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2025 Crop) ကျပ် ၆၀,၀၀၀ ၊ မတ်ပဲ SQ/RC (2025 Crop) ကျပ် ၇၀,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၁၈,၀၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2025 Crop) ကွန်တိန်နာ ၇၅ လုံး (တန်ချိန် ၁၈၀၀) နှင့် ပဲစင်းငုံ Red/ RC(2026 Crop)ကွန်တိန်နာ ၆၅ လုံး(တန်ချိန် ၁၅၆၀)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2025 Crop) ကွန်တိန်နာ ၁၆၀လုံး (တန်ချိန် ၃၈၄၀) နှင့် ပဲစင်းငုံ Red/RC(2026 Crop) ကွန်တိန်နာ ၃၅ လုံး (တန်ချိန် ၈၄၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲကွန်တိန်နာ ၈၅ လုံး (တန်ချိန် ၂၀၄၀) ပိုမိုဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/ RC(2026 Crop) ကွန်တိန်နာ ၃၀ လုံး (တန်ချိန် ၇၂၀)လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၁၉,၀၀၀၊ မြားနီ(သစ်) ကျပ် ၁၉,၀၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၃၃,၀၀၀ ၊ပျော်ဘွယ်မိုးထောင် ကျပ် ၁၅,၀၀၀ နှင့် ဇီးပွပု(သစ်) ကျပ် ၂၄,၅၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ပန်းရဲငရုတ် (သစ်) AC ကျပ် ၅၀၀၊ မြားနီ(သစ်) ကျပ် ၁,၅၀၀ နှင့် ပျော်ဘွယ်မိုးထောင် ကျပ် ၁၅,၀၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး ဆင်ဖြူကျွန်း (ပု) ကျပ် ၁,၀၀၀ ဈေးကျဆင်းခဲ့သည်။

ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ် ပေါင်း ၁၇၀၀ (၃၄,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၂၅၀ (၃၇၅၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၁၂၀၀ (၂၄,၀၀၀ ပိဿာ) ငရုတ်ပုအိတ်ပေါင်း ၁၅၀ (၂,၂၅၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၅၀၀(၁၀,၀၀၀ ပိဿာ)နှင့် ငရုတ်ပု အိတ်ပေါင်း ၁၀၀ (၁,၅၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ်(သစ်) ကျပ် ၈၀၀၀ နှင့် မန်ကျည်းအသား(သစ်) ကျပ် ၉၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးပွင့်ကပ်(သစ်) ကျပ် ၂၀၀ ဈေးကျဆင်းခဲ့သည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၅၅၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၃၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၆၀၀၀၊ ရေစကြို ထန်းလျက်(သစ်) ကျပ် ၇၅၀၀၊ ကြံသကာ ကျပ် ၄၄၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၈၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ထန်းလျက်၊ကြံသကာနှင့်သကြားများဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၂-၁-၂၀၂၆ မှ ၁၆-၁-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၈၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၆၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၀၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၉၀၀ ၊ မြင်းခြံသစ်ရှယ် ကျပ် ၃၈၀၀ ၊ မြင်းခြံလတ် ကြီး ကျပ် ၃၆၀၀ ၊ မြင်းခြံလတ်သန့် ကျပ် ၃၃၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၁၈၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၆၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၈၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၁၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၅၀၀ စျေးမြင့်တက်ခဲ့ပြီး မြင်းခြံသစ်ရှယ် ကျပ် ၃၅၀ ၊ မြင်းခြံလတ်ကြီး ကျပ် ၁၅၀ ၊ မြင်းခြံလတ်သန့် ကျပ် ၂၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၁၅၀ အသီးသီးစျေးကျဆင်းခဲ့သည်။

ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၉၃ စီး(၅၅၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၂၄ စီး (၇၄၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၃၁ စီး (၁၈,၆၀၀ ပိဿာ) ပိုမိုဝင် ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) စျေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၄၀၀၀၊ အောင်ပန်းထူး -၂ ကျပ် ၆၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၇၅၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၈၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၉၅၀၀ အသီးသီးစျေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြူကုတ်(ရှယ်) ကျပ် ၁၀၀၀၊ အောင်ပန်းထူး -၂ ကျပ် ၇၀၀ ၊ အောင်ပန်းထူး-၃ ကျပ် ၇၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၇၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၇၀၀ အသီးသီးစျေးကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၃၄၀၀ (၁၀၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ်ရေ ၄၁၀၀(၁၂၃,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သော ကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၇၀၀ (၂၁,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့ နှင့် တရုတ်မှ အာလူးများနေ့စဉ် ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) စျေးနှုန်းများမှာ အောင်ပန်း A1 ကျပ် ၃၂၀၀၊ အောင်ပန်း OK ကျပ် ၄၂၀၀၊ အောင်ပန်း S1 ကျပ် ၅၀၀၀၊ အောင်ပန်း S2 ကျပ် ၅၂၀၀ နှင့် တရုတ်အာလူး ကျပ် ၆၀၀၀ စျေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း အောင်ပန်း A1 ကျပ် ၃၀၀၊ အောင်ပန်း OK ကျပ် ၃၀၀၊ အောင်ပန်း S1 ကျပ် ၅၀၀၊ အောင်ပန်း S2 ကျပ် ၈၀၀ နှင့် တရုတ်အာလူး ကျပ် ၅၀၀ အသီးသီးစျေးမြင့်တက်ခဲ့သည်။

ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က အာလူးကားစီးရေ ၂၃ စီး (၁၃၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် အာလူးကား စီးရေ ၂၆ စီး (၁၅၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၃ စီး (၁၈,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိ ရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ပုသိမ်မြို့နယ်အတွင်း မန်ကျည်းသီးမှည့်စျေးနှုန်း ဆက်လက်မြင့်တက်လျက်ရှိ

ပုသိမ်မြို့နယ်အတွင်းရှိ စျေးကွက်များတွင် ဒေသထွက် မန်ကျည်းသီးမှည့်များ စျေးနှုန်းမြင့်မားစွာဖြင့် ရောင်းချလျက်ရှိရာစျေးကွက်ဝယ်လိုအားကောင်းမွန်လျက်ရှိကြောင်းသိရသည်။



ပုသိမ်မြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် မန်ကျည်းပင်များအလေ့ကျပေါက်ရောက်ပြီး ဒေသခံပြည်သူများက မန်ကျည်းသီးမှည့်ချိန်တွင် ခူးဆွတ်ကာ ရောင်းချကြကြောင်း သိရသည်။

မန်ကျည်းသီးမှည့်တွင် အစေ့ပါမန်ကျည်းသီးမှည့်နှင့်အစေ့လွတ်မန်ကျည်းသီးမှည့်ဟူ၍နှစ်မျိုးရှိပြီး ဈေးကွက်အတွင်း အစေ့လွတ်မန်ကျည်းသီးမှည့်ကို လူကြိုက်များ၍ အရောင်းအဝယ်ပိုဖြစ်ကြောင်း သိရသည်။

ပုသိမ်မြို့နယ်တွင် မန်ကျည်းသီးမှည့်ကိုဝယ်ယူသည့်ပွဲရုံမရှိဘဲပုသိမ်မြို့မဈေးများတွင် ရောင်းချကြသလို မြို့နယ်အတွင်းရှိ အကြော်ဆိုင်များ၊ အကင်ဆိုင်များနှင့် စားသောက်ဆိုင်များမှမန်ကျည်းအချဉ်ပြုလုပ်ရန် ဝယ်ယူကြကြောင်း သိရသည်။

ဈေးကွက်အတွင်း မန်ကျည်းမှည့်များဝင်ရောက်မှုနည်းပါးပြီး ဝယ်လိုအားများနေမှုကြောင့် ဈေးနှုန်းများမြင့်တက်လျက်ရှိကြောင်း သိရသည်။

အစေ့လွတ်မန်ကျည်းသီးမှည့် လက်ကားတစ်ပိဿာ ၁၂,၀၀၀ ကျပ်မှ ၁၃,၀၀၀ ကျပ်၊ အစေ့လွတ်မန်ကျည်းသီးမှည့် လက်လီတစ်ပိဿာ ၁၃,၀၀၀ ကျပ်မှ ၁၄,၀၀၀ ကျပ် ၊ အစေ့ပါမန်ကျည်းသီးမှည့် တစ်ပိဿာ ၇,၅၀၀ ကျပ်မှ ၈,၅၀၀ ကျပ် ဖြစ်ပြီး ဈေးနှုန်းများမှာ မန်ကျည်းသီး၏အရည်အသွေး၊ အခြောက်အစိုအခြေအနေနှင့် ရောင်းသည့်နေရာဒေသအလိုက် ကွဲပြားမှုရှိနိုင်ကြောင်း သိရသည်။

ဒေသခံစိုက်ပျိုးရောင်းချသူများသည် မိမိတို့၏ထွက်ကုန်များကို ပုသိမ်မြို့အတွင်းရှိ ဈေးများသို့တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source : DOCA** (ဧရာဝတီ)

## စီးပွားရေးဆက်ဆံရေးနက်ရှိုင်းစေရန်အတွက် ယူအေအီးနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်အား လက်မှတ်ရေးထိုး

အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံရေးကို ခိုင်မာစေရန်အတွက် ဘက်စုံစီးပွားရေးမိတ်ဖက်သဘောတူညီချက်(CEPA)တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ခြင်းအားဖြင့် သိသာထင်ရှားသော ခြေလှမ်းတစ်ရပ်လှမ်းခဲ့ကြပြီး နှစ်နိုင်ငံအကြားစီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ အဆင့်သစ်တစ်ခုကို အမှတ်အသားပြုခဲ့ကြသည်။

ယူအေအီးသမ္မတ Sheikh Mohamed bin Zayed Al Nahyan နှင့် ဖိလစ်ပိုင်သမ္မတ Ferdinand R Marcos Jr တို့၏ ရှေ့မှောက်တွင် ကျင်းပပြုလုပ်သော တရားဝင်အခမ်းအနားတစ်ခုတွင် အဆိုပါသဘောတူညီချက်အား လက်မှတ်ရေးထိုးခဲ့ကြပြီး မိတ်ဖက်ဆက်ဆံရေး၏မဟာဗျူဟာမြောက်အရေးပါမှုအပေါ် အလေးပေးပြောကြားခဲ့ကြသည်။

သဘောတူညီချက်သည် ရေရှည်စီးပွားဆက်ဆံရေးကို အားဖြည့်ပေးနေစဉ်တွင် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းအသစ်များကို ဖွင့်လှစ်ပေးနိုင်ရန် ရည်ရွယ်ထားသည်။

ယူအေအီးနှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြားဆက်ဆံရေးအား နှစ်နိုင်ငံစလုံးအတွက် အကျိုးရှိစေမည့်နည်းလမ်းများဖြင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ဆောင်ရွက်မည့် ဘုံရည်မှန်းချက်များဖြင့် ဆက်လက်တိုးတက်လျက်ရှိကြောင်း Sheikh Mohamed bin Zayed က ပြောကြားခဲ့သည်။

ရေရှည်တည်တံ့သော တိုးတက်မှုကိုမြှင့်တင်ပေးသည့် ကမ္ဘာလုံးဆိုင်ရာမိတ်ဖက်ဆက်ဆံရေးများအား တည်ဆောက်သွားမည့် ယူအေအီးနိုင်ငံ၏ကတိကဝတ်ကို ထင်ဟပ်စေသည့် ၎င်းသဘောတူညီချက်သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးပြီးမျှဝေနိုင်သည့်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များအားပံ့ပိုးပေးမည်ဟုယုံကြည်ကြောင်း၎င်းကထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ CEPA ကို ယူအေအီးနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်ရေးဝန်ကြီး Dr Thani bin Ahmed Al Zeyoudi နှင့် ဖိလစ်ပိုင်ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး Cristina Aldeguer-Roque တို့က အဘူဒါဘီရေရှည်တည်တံ့ခိုင်မြဲရေးရက်သတ္တပတ်ကျင်းပသည့်ကာလအတွင်း လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

သဘောတူညီချက်အရ အခွန်အကောက်များနှင့် ကုန်သွယ်ရေးဆိုင်ရာ အတားအဆီးများကို လျှော့ချပေးသွားမည်ဖြစ်ပြီး၊ ရင်းနှီးမြှုပ်နှံမှုစီးဆင်းမှုများကို အားပေးနိုင်မည်ဖြစ်ကာ လျှပ်စစ်ပစ္စည်းကိရိယာများ၊ စိုက်ပျိုးရေး၊ ငွေကြေးဝန်ဆောင်မှုများနှင့် အဖိုးတန်သတ္တုများအပါအဝင် အဓိကကဏ္ဍများတွင် အခွင့်အလမ်းများကို ဖန်တီးပေးသွားမည်ဖြစ်သည်။

ဤသဘောတူညီချက်သည် ထောက်ပံ့ရေးကွင်းဆက်များကို အားကောင်းစေရန်၊ ပုဂ္ဂလိကကဏ္ဍပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို နိုင်ငံတကာတွင် တိုးချဲ့နိုင်မှုများအပေါ် ပံ့ပိုးပေးသွားရန်လည်း ရည်မှန်းထားသည်။

၂၀၂၄ ခုနှစ်က ရေနံမဟုတ်သော နှစ်နိုင်ငံကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၉၄၀ သန်းအထိရောက်ရှိခဲ့ပြီး ၂၀၂၅ ခုနှစ်၏ ပထမကိုးလအတောအတွင်း ယခင်နှစ်ထက် ၂၂ ဒသမ၄ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်။

ဤသဘောတူညီချက်သည် ၂၀၃၂ ခုနှစ်တွင် ယူအေအီးနိုင်ငံ၏ GDP သို့ အမေရိကန်ဒေါ်လာ ၂ ဒသမ၄ ဘီလီယံ ထပ်မံတိုးပွားလာစေရန် ရည်မှန်းထားပြီး နိုင်ငံ၏ပိုမိုကျယ်ပြန့်သော ကုန်သွယ်ရေးနှင့်ကွဲပြားမှုဗျူဟာတွင်၎င်း၏ အခန်းကဏ္ဍကို အားကောင်းစေမည်ဖြစ်ကြောင်း သတင်းဖော်ပြထားသည်။

**News Source: Emirates News Agency**

**(နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ အဘူဒါဘီမြို့)**

## အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် တစ်နိုင်ငံလုံး ဆန်ဈေးနှုန်း တစ်ပြေးညီဖြစ်ရေး မူဝါဒချမှတ်ရန် စီစဉ်လျက်ရှိ



အင်ဒိုနီးရှားနိုင်ငံသည် ဒေသများအကြား ဈေးနှုန်းကွာဟချက်များကို လျှော့ချရန်အတွက် ၂၀၂၆ ခုနှစ်တွင် စတင်မည့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆန်ဈေးနှုန်းများ တစ်ပြေးညီဖြစ်စေရေးမူဝါဒကို အကောင်အထည် ဖော်ရန် ပြင်ဆင်နေကြောင်း အင်ဒိုနီးရှား စားနပ်ရိက္ခာရေးရာ ညှိနှိုင်းရေးဝန်ကြီး Zulkifli Hasan က ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ပြောကြားခဲ့ကြောင်း ဒေသခံမီဒီယာများက ကိုးကားဖော်ပြခဲ့သည်။

ယင်းမူဝါဒသည် အရှေ့ပိုင်းအင်ဒိုနီးရှားအပါအဝင် နိုင်ငံတစ်ဝှန်းတွင် ဆန်ဈေးနှုန်းများ တစ်ပြေးညီဖြစ်စေရန်ရည်ရွယ်ပြီး အစိုးရမှ ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ စိန်ခေါ်မှုများကိုဖြေရှင်းရန် ဖြန့်ဖြူးရေးဆိုင်ရာဘဏ္ဍာရေးထောက်ပံ့မှုဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံရှိ ဆန်ဈေးနှုန်းများကိုပိုမိုမြင့်တင်ပေးခြင်းမဟုတ်ဘဲ ၂၀၂၆ ခုနှစ်တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆန်ဈေးနှုန်းတစ်ခုတည်းကို ကျင့်သုံးရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စားနပ်ရိက္ခာဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတစ်ခု အပြီးတွင် Hasan က ပြောကြားခဲ့သည်။

အဓိကရိတ်သိမ်းရာသီသည် ဖေဖော်ဝါရီလတွင် စတင်၍ ပိုမိုစောစီးစွာ စတင်နိုင်သည်ဟု ခန့်မှန်းထားသော်လည်း ဈေးနှုန်းတည်ငြိမ်မှုကို အထောက်အကူပြုရန် မျှော်လင့်ရသည့်ကြားတွင် အာဏာပိုင်များသည် အမျိုးသားဆန်ထောက်ပံ့မှု အခြေအနေများကိုလည်း ပြန်လည်သုံးသပ်ခဲ့ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

မူဝါဒအတွက် ရည်ညွှန်းအဖြစ် ဆွေးနွေးထားသော ဈေးနှုန်းများတွင် ပရီမီယံဆန်တစ်ကီလိုဂရမ်လျှင် ၁၄,၉၀၀ ရူပီးယား (အမေရိကန်ဒေါ်လာ သုည ဒသမ၈၆ ခန့်) နှင့် အလတ်စားဆန်တစ်ကီလိုဂရမ်လျှင် ၁၃,၅၀၀ ရူပီးယားတို့ ပါဝင်သည်။

Bulog ၏ စားနပ်ရိက္ခာထောက်ပံ့မှုနှင့် ဈေးနှုန်းတည်ငြိမ်ရေး အထောက်အပံ့ပေးသည့် အစီအစဉ်အရ ဝင်ငွေနည်းလူတန်းစားအုပ်စုများအတွက် ဆန်ကို တစ်ကီလိုဂရမ်လျှင် ၁၁,၀၀၀ မှ ၁၂,၀၀၀ ရူပီးယားအကြား ရောင်းချမည်ဖြစ်ကြောင်းသိရသည်။

ထိုဆန်ဈေးနှုန်းတည်ငြိမ်စေရေး မူဝါဒသည် ပြင်ဆင်နေဆဲဖြစ်ပြီး ဖြန့်ဖြူးရေး၊ ငွေကြေးထောက်ပံ့မှုနှင့် အခြေခံအဆောက်အအုံများအပါအဝင် နယ်ပယ်များတွင် ညှိနှိုင်းပံ့ပိုးမှုများလည်း လိုအပ်မည်ဖြစ်ကြောင်း Hasan က ပြောကြားခဲ့ကြောင်း သိရသည်။

**Source: Xinhua**

**DOCA(ရန်ကုန်)**

## STOCK EXCHANGE (21.1.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st Jan. 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 82,106 (Shares) | 292,776,850 (MMK) |

**Stock trading**

| Name | Code | Close | Change | %Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | -100 | -1.18% | 8,400 | 8,500 | 8,400 | 589 | 4,948,100 | 33,109,694 | 278,121 |
| MTSH | 00002 | 3,800 | +0 | +0.00% | 3,800 | 3,800 | 3,800 | 895 | 3,401,000 | 38,929,150 | 147,931 |
| MCB | 00003 | 7,900 | +100 | +1.28% | 7,900 | 7,900 | 7,900 | 1 | 7,900 | 10,400,986 | 82,168 |
| FPB | 00004 | 2,800 | +0 | +0.00% | 2,800 | 2,850 | 2,750 | 2,271 | 6,282,650 | 29,664,613 | 83,061 |
| TMH | 00005 | 3,350 | +100 | +3.08% | 3,400 | 3,400 | 3,200 | 17 | 57,150 | 12,823,224 | 42,958 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,600 | 4,539 | 7,439,350 | 19,977,223 | 32,962 |
| AMATA | 00007 | 4,100 | +100 | +2.50% | 4,100 | 4,100 | 4,100 | 60 | 246,000 | 10,497,598 | 43,040 |
| MAEX | 00008 | 3,050 | -50 | -1.61% | 3,100 | 3,150 | 3,050 | 3,734 | 11,394,700 | 23,804,946 | 72,605 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 21st Jan. 2026

**Today's summary**

| Index name | Close | Change | %Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 415.04 | -0.60 | -0.14% | 415.46 | 419.19 | 413.24 | 12,106 | 33,776,850 | 8 | 782,846 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m. 21st Jan. 2026

| Trading Volume | Trading Value |
|---|---|
| 82,511 (Shares) | 295,429,300 (MMK) |

## Main Board

As of 1:00 p.m. 21st Jan. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 82,106 (Shares) | 292,776,850 (MMK) |

| MYANPIX | 415.04 ▼ 0.60 |
|---|---|
| Total Volume (shares) | 12,106 |
| Total Value (MMK) | 34 mil |
| Listed Company | 8 |
| Market Cap. (MMK) | 782,846 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▼ 100 |
| MTSH | 00002 | 3,800 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 100 |
| FPB | 00004 | 2,800 | ▲ 0 |
| TMH | 00005 | 3,350 | ▲ 100 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,100 | ▲ 100 |
| MAEX | 00008 | 3,050 | ▼ 50 |

TIR